# MEDICARE နှင့် MEDICAID တို့အကြောင်း သိရှိနားလည်ခြင်း



**Medicare** သည် အသက် 65 နှစ်နှင့်အထက် မည်သူမဆိုနှင့် အချို့သော မသန်စွမ်းမှုများ သို့မဟုတ် ကျန်းမာရေးအခြေအနေများရှိသည့် အသက် 65 နှစ်အောက် လူတချို့အတွက် ဖက်ဒရယ် ကျန်းမာရေး အာမခံဖြစ်ပါသည်။ **Medicaid** သည် ဝင်ငွေနှင့် အထောက်အကူ အရင်းအမြစ်နည်းပါးသည့် လူအချို့အတွက် ကျန်းမာရေး အာမခံဝန်ဆောင်မှုပေးသည့် ဖက်ဒရယ်နှင့် ပြည်နယ် ပူးတွဲပရိုဂရမ်တစ်ခုဖြစ်သည်။

အချို့လူများသည် အသက်အရွယ် သို့မဟုတ် မသန်စွမ်းမှုကြောင့် Medicare ကို ခံစားခွင့်ရရှိရုံသာမက ၎င်းတို့၏ ပြည်နယ်ရှိ Medicaid ကို ခံစားခွင့်ရရှိရန် သတ်မှတ်ချက်များနှင့် ကိုက်ညီသောကြောင့် Medicaid အတွက်လည်း သတ်မှတ်ချက်ပြည့်မီပါသည်။
ဤလူများသည် Medicaid နှင့် Medicare နှစ်ခုစလုံးအတွက် သတ်မှတ်ချက်ပြည့်မီသောကြောင့် ၎င်းတို့သည် **"နှစ်ခုတွဲ သတ်မှတ်ချက်ပြည့်မီသူများ"** ဖြစ်ပါသည်။

**Medicare တွင် အောက်ဖော်ပြပါတို့ ပါဝင်ပါသည်-**

**အပိုင်း A – အတွင်းလူနာ/ဆေးရုံတက်ရောက်စရိတ် အာမခံ၊** အတွင်းလူနာအတွက် ကျွမ်းကျင် ပြုစုစောင့်ရှောက်ရေးဌာန၊ နာတာရှည် ဆေးရုံနှင့် အိမ်တိုင်ရာရောက် ကျန်းမာရေး ဝန်ဆောင်မှုအချို့

**အပိုင်း B – ပြင်ပ လူနာစောင့်ရှောက်မှု၊** သမားတော် ဝန်ဆောင်မှုများ၊ တာရှည်ခံသော ဆေးဘက်ဆိုင်ရာ စက်ပစ္စည်း၊ ခွဲစိတ်ခန်းနှင့် ဓာတ်မှန် ဝန်ဆောင်မှုများ၊ အိမ်တိုင်ရာရောက် ကျန်းမာရေး ဝန်ဆောင်မှုများနှင့် ကြိုတင်ကာကွယ်ရေး ဝန်ဆောင်မှုများစွာ

**အပိုင်း C – Medicare Advantage** သည် အပိုင်း A နှင့် အပိုင်း B ဝန်ဆောင်မှု အားလုံးကို ပံ့ပိုးပေးပါသည်၊ ဆရာဝန်ညွှန်သည့်ဆေးဝါး အာမခံဝန်ဆောင်မှုနှင့် အခြား ဖြည့်စွက် အကျိုးခံစားခွင့်များကို လူနာအား ထပ်ဆောင်း ကုန်ကျစရိတ် တောင်းခံ၍ ပံ့ပိုးပေးထားပါသည်

**အပိုင်း D – ဆရာဝန်ညွှန်သည့်ဆေးဝါး အစီအစဉ်များ၊** အတည်ပြုထားသော ပုဂ္ဂလိက အာမခံကုမ္ပဏီများသည် လူနာအား ထပ်ဆောင်း ကုန်ကျစရိတ် တောင်းခံ၍ ပံ့ပိုးထားသည့် ပြင်ပလူနာ ဆရာဝန်ညွှန်သည့်ဆေးဝါး အာမခံဝန်ဆောင်မှုကို စီစဉ်ပေးသည်

**Medicare တွင် အကျိုးဝင်သူများမှာ-**

- အသက် 65 နှစ်နှင့်အထက်ရှိသူများ
- ယခင်မွေးစားစောင့်ရှောက်ခံကလေးများ
- နို့စို့ကလေးများနှင့် အသက် 19 နှစ်အောက် ကလေးများ
- ဝင်ငွေနည်းပါးသော မိဘများ သို့မဟုတ် ပြုစုစောင့်ရှောက်သူဆွေမျိုးများ
- ကိုယ်ဝန်ဆောင်များ
- မသန်စွမ်းသူများ သို့မဟုတ် မျက်စိကွယ်နေသူများ
- မွေးကင်းစကလေးငယ်များ

**Medicare နှင့် Medicaid နှစ်ခုစလုံးသည် အစိုးရက စီမံကြီးကြပ်သည့် ကျန်းမာရေး အာမခံ ပရိုဂရမ်များဖြစ်သော်လည်း ပြည်နယ်တစ်ခုစီ၌ အကျုံးဝင်သော ဝန်ဆောင်မှုများနှင့် ကုန်ကျစရိတ် မျှခံခြင်းတို့တွင် ကွဲပြားမှုများရှိသည်။**

**Medicare နှင့် Medicaid ကုန်ကျစရိတ်များနှင့် အာမခံဝန်ဆောင်မှုတို့နှင့် ပတ်သက်ပြီး ပိုမိုလေ့လာရန် 1-800-MEDICARE သို့ ဖုန်းခေါ်ဆိုနိုင်ပါသည်။**

**Medicaid တွင် အောက်ဖော်ပြပါတို့ ပါဝင်ပါသည်-**

- ပြီးပြည့်စုံသော ကျန်းမာရေး စောင့်ရှောက်မှု ပရိုဂရမ် (Comprehensive Health Care Program, CHCP)
- စီမံခန့်ခွဲထားသော အထူးပံ့ပိုးကူညီမှုများနှင့် ဝန်ဆောင်မှုများ (Managed Specialty Supports and Services)
- သက်ကြီးရွယ်အိုများအတွက် ဘက်စုံစောင့်ရှောက်ရေး ပရိုဂရမ် (Program for All-Inclusive Care for the Elderly, PACE)
- ကလေးငယ်များ သွားကျန်းမာရေး (Healthy Kids Dental)

**Medicaid တွင် အကျုံးဝင်သူများမှာ-**

- ဝင်ငွေနည်းပါးသော မိသားစုများရှိ အသက် 19 နှစ်အောက် ကလေးများ
- ဝင်ငွေနည်းပါးသော ကိုယ်ဝန်ဆောင်များ
- ဝင်ငွေနည်းပါးသော မိဘ သို့မဟုတ် ပြုစုစောင့်ရှောက်သူအချို့
- ဖြည့်စွက်ဖူလုံရေးဝင်ငွေ (SSI) ပရိုဂရမ်မှတစ်ဆင့် ငွေသားအကူအညီ လက်ခံရရှိသည့် သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူအများစု

**MI Health Link သည် Medicare နှင့် Medicaid တို့မှ ကုန်ကျခံပေးသည့် ကျန်းမာရေး စောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုများကို ခွင့်ပြုပေးသော Michigan သီးသန့် ပရိုဂရမ်တစ်ခု ဖြစ်သည်။**

ခံစားခွင့်ရရှိရန်အတွက် သင်သည် အောက်ပါတို့နှင့် ကိုက်ညီရမည်-

- Barry၊ Berrien၊ Branch၊ Calhoun၊ Cass၊ Kalamazoo၊ Macomb၊ St. Joseph၊ Van Buren၊ Wayne ကောင်တီများတွင် သို့မဟုတ် Upper Peninsula ရှိ ကောင်တီတစ်ခုခုတွင် နေထိုင်သူဖြစ်ရမည်
- အသက် 21 နှစ်နှင့်အထက် ဖြစ်ရမည်
- Medicare ရော၊ Medicaid ကိုပါ အပြည့်အဝ ရရှိထားသူဖြစ်ရမည်
- နာတာရှည်ဆေးရုံတွင် စာရင်းသွင်းထားသူ မဖြစ်ရပါ

မေးမြန်းလိုသည်များ ရှိပါသလား။

https://moqc.org/
moqc@moqc.org

MOQC
MICHIGAN ONCOLOGY QUALITY CONSORTIUM

Blue Cross Blue Shield of Michigan
Nonprofit corporations and independent licensees of the Blue Cross and Blue Shield Association